# ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ

ရန်ကုန်မြို့၊ ၁၃၃၅ ခုနှစ်၊ တပို့တွဲလဆန်း ၆ ရက်။
(၁၉၇၄ ခုနှစ်၊ ဇန်နဝါရီလ ၂၈ ရက်။)

အောက်ဖော်ပြပါ ဥပဒေကို ထုတ်ပြန်ကြေညာသည်။

## ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော် ပြည်သူ့ကောင်စီဥပဒေ

[၁၉၇၄ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ ဥပဒေအမှတ် ၃။]

### နိဒါန်း

ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့်အညီ တော် အတွင်းရှိ ဒေသအသီးသီး၏ အရေးကိစ္စများကို ပြည်သူ့ကောင်စီများက စတင် ဆောင်ရွက်နိုင်စေရန် ပြည်သူ့ကောင်စီ အဆင့်ဆင့်၏ အစည်းအဝေးများ စတင်ကျင်းပနိုင်ရန် ဆိုင်ရာ အာဏာပိုင် အဖွဲ့အစည်းများကို ရွေးချယ်တင်မြှောက် နိုင်ရန်နှင့် လိုအပ်သည့် အစီအစဉ်များကို ကြိုတင်ပြုလုပ်ထားနိုင်ရန် အလို့ငှာ ပြည်ထောင်စု မြန်မာနိုင်ငံ တော်လှန်ရေးကောင်စီသည် ပြည်သူ့ ကောင်စီများနှင့် ပတ်သက်သော အောက်ပါဥပဒေကို ပြဋ္ဌာန်းသည်—

### အခန်း ၁

### အမည်၊ အာဏာတည်ခြင်းနှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ (က) ဤဥပဒေကို ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော် ပြည်သူ့ကောင်စီ ဥပဒေဟု ခေါ်တွင်စေရမည်။

(ခ) ဤဥပဒေသည် ပြည်ထောင်စု မြန်မာနိုင်ငံ တော်လှန်ရေး ကောင်စီက ပြဋ္ဌာန်းသည့် နေ့မှစ၍ ပြည်သူ့လွှတ်တော်က ပြည်သူ့ကောင်စီ ဥပဒေ အသစ်တရပ်ကို ပြဋ္ဌာန်းပြီးသည့် အချိန်အထိ အာဏာတည်ရမည်။

၂။ ဤဥပဒေတွင် ပါရှိသော အောက်ပါ စကားရပ်များသည် ဖော်ပြပါအတိုင်း ယ် သက်ရောက်စေရမည်—

(က) အခြေခံဥပဒေ ဆိုသည်မှာ ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာ နိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေကို ဆိုသည်၊

(ခ) ဤဥပဒေ ဆိုသည်မှာ ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံ တော် ပြည်သူ့ကောင်စီ ဥပဒေကို ဆိုသည်၊

(ဂ) **ပြည်သူ့ ကောင်စီဝင်** ဆိုသည်မှာ ပြည်သူ့ကောင်စီ တရပ်ရပ် ပြည်သူ့ ဆန္ဒနှင့်အညီ ရွေးချယ် တင်မြှောက်ခြင်း ခံရသော ပြည ကိုယ်စားလှယ်ကိုဆိုသည်၊

(ဃ) **ဒေသဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းများ** ဆိုသည်မှာ ပြည် ကောင်စီ အဆင့်ဆင့်နှင့် ပြည်သူ့ကောင်စီများတွင် ရှိကြသော အ အမှုဆောင်အဖွဲ့၊ တရားသူကြီးအဖွဲ့၊ လုပ်ငန်း စစ်ဆေးရေး အဖွဲ့မျ ဆိုသည်။

(င) **ရွေးချယ်တင်မြှောက်ခြင်းဆိုင်ရာ ဥပဒေ** ဆိုသည်မှာ ၁၉၇၃ ခု ပထမအကြိမ် ပြည်သူ့လွှတ်တော်နှင့် ပြည်သူ့ကောင်စီ အဆင့် ရွေးချယ် တင်မြှောက်ခြင်းဆိုင်ရာ ဥပဒေကိုဆိုသည်။

# အခန်း ၂

## ပြည်သူ့ကောင်စီအဆင့်ဆင့်ဖွဲ့စည်းပုံ

၃။ ။နိုင်ငံတော်တွင် ဒေသဆိုင်ရာ အာဏာပိုင် အဖွဲ့အစည်းများအဖြစ် အ ဥပဒေပုဒ်မ ၁၃၂ တွင် ဖော်ပြထားသည့် လုပ်ငန်းများကို ဆောင်ရွက်ရန် အောက်ပါပြည် ကောင်စီများကို ဖွဲ့စည်းထားရမည်—

(က) ပြည်နယ် ပြည်သူ့ကောင်စီများ၊ တိုင်း ပြည်သူ့ကောင်စီများ၊

(ခ) မြို့နယ် ပြည်သူ့ကောင်စီများ၊

(ဂ) ရပ်ကွက် ပြည်သူ့ကောင်စီများ၊ ကျေးရွာအုပ်စု ပြည်သူ့ကောင်စီမျ

၄။ ။ရွေးချယ် တင်မြှောက်ခြင်းဆိုင်ရာ ဥပဒေအရ ရွေးချယ် တင်မြှောက်ခြင်း သော သက်ဆိုင်ရာ ပြည်သူ့ကောင်စီဝင်များဖြင့် ပြည်သူ့ကောင်စီ အဆင့်ဆင့်ကို ဖွဲ့စည် မည်။

၅။ ။ပထမအကြိမ် ကျင်းပမည့် ပြည်သူ့ကောင်စီ အစည်းအဝေးကို ပြည်ထော မြန်မာနိုင်ငံ တော်လှန်ရေး ကောင်စီ၊ သို့မဟုတ် ပြည်ထောင်စု မြန်မာနိုင်ငံ တော်လှန် ကောင်စီ၏ တာဝန်လွှဲအပ်ထားခြင်း ခံရသော အဖွဲ့အစည်းက အနည်းဆုံး (၇)ရက်ကြိုတင် ဖိတ်ကြားရမည်။ ယင်းအစည်းအဝေး ကျင်းပရန် လိုအပ်သည့် အစီအစဉ်များကို ပြည်ထော မြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ၊ သို့မဟုတ် ပြည်ထောင်စု မြန်မာနိုင်ငံ တော်လှန် ကောင်စီ၏ တာဝန်လွှဲအပ်ထားခြင်း ခံရသော အဖွဲ့အစည်းက တာဝန်ယူ ဆောင်ရွက်ရမည်

၆။ ။(က) ပြည်ထောင်စု မြန်မာနိုင်ငံ တော်လှန်ရေး ကောင်စီ၊ သို့မဟုတ် ပြ ထောင်စု မြန်မာနိုင်ငံ တော်လှန်ရေး ကောင်စီ၏ တာဝန် အပ်ထားခြင်း ခံရသော အဖွဲ့အစည်းသည် ပထမအကြိမ် ကျင်းပမ

ပြည်သူ့ကောင်စီ အစည်းအဝေးသို့ တက်ရောက်လာသည့် ပြည်သူ့ကောင်စီဝင်များကို စိစစ်ရန် သင့်လျော်သော ပုဂ္ဂိုလ်များဖြင့် ကော်မီတီတရပ်ကို ဖွဲ့စည်း၍ တာဝန်ပေးအပ်ရမည်။

(ခ) ပထမအကြိမ် ကျင်းပမည့် ပြည်သူ့ကောင်စီ အစည်းအဝေးသို့ တက်ရောက်လာသည့် ပြည်သူ့ကောင်စီဝင်များသည် သက်ဆိုင်ရာ မဲဆန္ဒနယ်များရှိ ဆန္ဒမဲ ပေးပိုင်ခွင့်ရှိသော ပြည်သူများက ရွေးချယ်တင်မြှောက်ခြင်းခံရသူဟုတ်၊ မဟုတ် သက်ဆိုင်ရာ ကော်မရှင် အဖွဲ့မှ ထုတ်ပေးသည့် တရားဝင် ရွေးချယ်တင်မြှောက်ခြင်း ခံရကြောင်း အသိအမှတ်ပြုလွှာများကို ယင်းကော်မီတီက စိစစ်၍ လက်ခံအတည်ပြုရမည်။

၇။ ။သက်ဆိုင်ရာ ပြည်သူ့ကောင်စီနှံ့ မှ ပုဂ္ဂိုလ်တဦးသည် ပထမအကြိမ် ကျင်းပမည့်ပြည်သူ့ကောင်စီ အစည်းအဝေးတွင် အခမ်းအနားမှူးအဖြစ် ဆောင်ရွက်ရမည်။

၈။ ။(က) ပြည်သူ့ကောင်စီ အဆင့်ဆင့်၏ ပထမအကြိမ် အစည်းအဝေးသို့ တက်ရောက်လာသော ပြည်သူ့ကောင်စီဝင်များသည် ပထမနေ့တွင် မိမိတို့အထဲမှ သက်ဆိုင်ရာပြည်သူ့ကောင်စီဝင် တဦးအား ယာယီ သဘာပတိအဖြစ်တင်မြှောက်ရမည်။

(ခ) ပုဒ်မခွဲ (က)အရ ယာယီ သဘာပတိတဦး တင်မြှောက်ရန် ပြည်သူ့ကောင်စီဝင်တဦးက အဆိုတင်သွင်း၍ အခြားပြည်သူ့ကောင်စီဝင်တဦးက ထောက်ခံပြီး သက်ဆိုင်ရာ ပြည်သူ့ကောင်စီ၏ အတည်ပြုချက်ကို ရယူရမည်။

၉။ ။ယာယီ သဘာပတိသည် သက်ဆိုင်ရာ ပြည်သူ့ကောင်စီ၏ ရှေ့မှောက်တွင်အောက်ပါအတိုင်း ကတိသစ္စာပြုရမည်—

"ပြည်သူ့ ကောင်စီဝင်အဖြစ် လုပ်သား ပြည်သူတို့၏ ဆန္ဒဖြင့် ရွေးချယ်တင်မြှောက် တာဝန် ပေးအပ်ခြင်း ခံရသော ကျွန်ုပ်သည် အခြေခံ ဥပဒေနှင့် အခြားဥပဒေများကို ထိန်းသိမ်း စောင့်ရှောက်ပါမည်။ လုပ်သား ပြည်သူတို့၏ ဆန္ဒနှင့်အညီ ဆိုရှယ်လစ် လူ့ဘောင်ကို ဖြောင့်မတ် မှန်ကန်စွာ တည်ဆောက်ပါမည်။ လုပ်သား ပြည်သူတို့၏ အကျိုးစီးပွားကို ဦးထိပ်ထား၍ သန္နိဋ္ဌာန်ရှိရှိ အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဟု လေးနက် တည်ကြည်စွာ ကတိသစ္စာပြုပါသည်"

၁၀။ ။ပြည်သူ့ ကောင်စီဝင်များသည် ယာယီ သဘာပတိ၏ ရှေ့မှောက်တွင် ပုဒ်မ ၉ပါပြထားသည့်အတိုင်း ကတိသစ္စာ ပြုကြရမည်။

၁၁။ ။ပုဒ်မ ၈ အရ ပြည်သူ့ကောင်စီဝင်များက တင်မြှောက်ထားသော ယာယီသဘာပတိသည် သက်ဆိုင်ရာ ပြည်သူ့ကောင်စီက သဘာပတိအဖွဲ့ကို ရွေးချယ် တင်မြှောက်ပြီးသည်ထိ ပြည်သူ့ကောင်စီ အစည်းအဝေးကို ကြီးကြပ်ကျင်းပရမည်။

၁၂။ ။(က) ပြည်သူ့ကောင်စီ အဆင့်ဆင့်တွင် အောက်ပါ အဖွဲ့အစည်းများကို သက်ဆိုင်ရာ ပြည်သူ့ကောင်စီဝင်များဖြင့် ရွေးချယ် တင်မြှောက် ဖွဲ့စည်းရမည်—

(၁) သဘာပတိအဖွဲ့၊

(၂) အလုပ်အမှုဆောင်အဖွဲ့၊

(၃) တရားသူကြီးအဖွဲ့။

(ခ) ပြည်နယ်ပြည်သူ့ကောင်စီများ၊ တိုင်းပြည်သူ့ကောင်စီများနှင့် မြို့နယ်ပြည်သူ့ကောင်စီများကသာလျှင် ဒေသဆိုင်ရာလုပ်ငန်း စစ်ဆေးရေးအဖွဲ့များနှင့် ရေးရာကော်မီတီများကို သက်ဆိုင်ရာ ပြည်သူ့ကောင်စီဝင်များဖြင့် ရွေးချယ်တင်မြှောက်ဖွဲ့စည်းရမည်။

၁၃။ ။ပြည်သူ့ကောင်စီအဆင့်ဆင့်၏ ပုံမှန်သက်တမ်းသည် ပြည်သူ့လွှတ်တော်၏ သက်တမ်းနှင့် အညီဖြစ်သည်။

## အခန်း ၃

## သဘာပတိအဖွဲ့

၁၄။ ။(က) ပြည်သူ့ကောင်စီ အဆင့်ဆင့် အစည်းအဝေးများကို ကြီးကြပ်ကျင်းပရန် ပြည်သူ့ကောင်စီ အဆင့်ဆင့်တွင် ပြည်သူ့ကောင်စီဝင်များ သဘာပတိအဖွဲ့ တခုစီကို ရွေးချယ်တင်မြှောက် ဖွဲ့စည်းထားရှိရမည်။

(ခ) သဘာပတိအဖွဲ့များကို ပြည်သူ့ကောင်စီ အဆင့်ဆင့်တွင် ယင်းပြည်သူ့ကောင်စီအဆင့်ဆင့်၏ အရွယ်အစား ပမာဏအလိုက် သတ်မှတ်ထားသည့် ပြည်သူ့ကောင်စီဝင်ဦးရေဖြင့် ဖွဲ့စည်းရမည်။

(ဂ) သတ်မှတ်ထားသည့်အတိုင်း သဘာပတိအဖွဲ့ဝင် ဦးရေကို ပြည်သူ့ကောင်စီမှ ရွေးချယ်တင်မြှောက်နိုင်ရန် ပြည်သူ့ကောင်စီဝင်များ၏ သဘာပတိ အဖွဲ့ဝင်လောင်းများ၏ အမည်စာရင်းများကို ယာယီသဘာပတိထံ တင်သွင်းရမည်။

(ဃ) သဘာပတိအဖွဲ့ဝင်လောင်း အမည်စာရင်းများကို ရရှိသော ဆန္ဒမဲအများအနည်းအလိုက် စုဆောင်းစိစစ်၍ အမည်စာရင်းကိုပြု ယာယီသဘာပတိက ပြည်သူ့ကောင်စီသို့ ကြေညာရမည်။

(င) အမည်စာရင်းထဲမှ လိုအပ်သည့် အဖွဲ့ဝင်ဦးရေကို ပြည်သူ့ကောင် ရွေးချယ်တင်မြှောက်ရမည်။

(စ) သဘာပတိ အဖွဲ့ဝင်များအဖြစ် ရွေးချယ် တင်မြှောက်ခြင်း ခံ များ၏ အမည်စာရင်းကို ယာယီသဘာပတိက ပြည်သူ့ကောင် ကြေညာရမည်။

၁၅။ ။(က) သဘာပတိ အဖွဲ့ဝင်များသည် ပြည်သူ့ကောင်စီ အစည်းအဝေးကျင်းပသည့်နေ့များတွင် မိမိတို့ အမည်အက္ခရာစဉ်အလိုက် အလှည့်ကျသဘာပတိများအဖြစ် တာဝန်ယူဆောင်ရွက်ကြရမည်။

(ခ) ယာယီ သဘာပတိသည် ပုဒ်မခွဲ (က) အရ ပထမဦးဆုံးဆောင်ရွက်ရမည့် အလှည့်ကျသဘာပတိထံ မိမိ၏တာဝန်များကို လွှဲပြောင်းအပ်နှင်းရမည်။

၁၆။ ။သဘာပတိအဖွဲ့၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည်—

(က) ပြည်သူ့ကောင်စီ အစည်းအဝေး အစီအစဉ်ရေးဆွဲခြင်း၊ အစည်းအဝေးများကို ညှိနှိုင်း၍ ကြီးကြပ်ကျင်းပခြင်း၊

(ခ) ပြည်သူ့ကောင်စီ အစည်းအဝေးများတွင် ပြုလုပ် ဆောင်ရွက်ချက်များသည် အခြေခံ ဥပဒေနှင့် လည်းကောင်း၊ ဤဥပဒေနှင့်လည်းကောင်း ကိုက်ညီခြင်းရှိစေရန် ညှိနှိုင်း၍ ကြပ်မတ်လမ်းညွှန်ခြင်း၊

(ဂ) ပြည်သူ့ကောင်စီ အစည်းအဝေးများ၌ ဖြေရှင်းရန် ကိစ္စများပေါ်ပေါက်လာပါက ညှိနှိုင်း၍ ဆုံးဖြတ်ဖြေရှင်းပေးခြင်း၊

(ဃ) သဘာပတိအဖွဲ့ဝင်များသည် အခြားပြည်သူ့ကောင်စီဝင်များနည်းတူ ပြည်သူ့ကောင်စီ အစည်းအဝေးများတွင် ဆန္ဒမဲပေးပိုင်ခွင့်ရှိခြင်း။

၁၇။ ။အလှည့်ကျ သဘာပတိ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည်။—

(က) ပြည်သူ့ကောင်စီ အစည်းအဝေးများကို ဦးဆောင်ကြီးကြပ်ခြင်း၊

(ခ) ပြည်သူ့ကောင်စီ၏ လုပ်ငန်းအဝဝသည် အခြေခံ ဥပဒေနှင့် လည်းကောင်း၊ ဤဥပဒေနှင့်လည်းကောင်း ကိုက်ညီမှုရှိ မရှိ၊ စည်းကမ်းကျ မကျ ဆုံးဖြတ်၍ကြပ်မတ်ခြင်း၊

(ဂ) ပြည်သူ့ကောင်စီ အစည်းအဝေးများကို စည်းကမ်း သေဝပ်စေရန် တာဝန်ယူခြင်း၊

(ဃ) ပြည်သူ့ကောင်စီအတွင်း ထိန်းသိမ်း၍ မရနိုင်လောက်အောင် စည်းကမ်းသေဝပ်မှု ပျက်ပြားသော အခြေအနေများပေါ်ပေါက်ပါက အစည်းအဝေးကို ခေတ္တရပ်ဆိုင်းခြင်း၊

(င) ကာကွယ်ရေးနှင့် လုံခြုံရေး ကိစ္စများကို သော်လည်းကောင်း၊ အခြားကိစ္စများကိုသော်လည်းကောင်း လျှို့ဝှက် စဉ်းစား ဆွေးနွေးရန်လိုအပ်ပါက ပြည်သူ့ကောင်စီ အစည်းအဝေးကို တံခါးပိတ ကျင်းပရန် ဆုံးဖြတ်ကြေငြာခြင်း၊

(စ) ပြည်သူ့ကောင်စီဝင်တဦး၏ တင်ပြဆွေးနွေးချက်များသည် စည်းကမ်းချက်များနှင့် မကိုက်ညီကြောင်း ပြည်သူ့ကောင်စီဝင် တဦးက တင်ပြလာလျှင် အဆုံးအဖြတ်ပေးခြင်း၊

(ဆ) ပြည်သူ့ကောင်စီဝင် တဦးသည သတ်မှတ် ခွင့်ပြုထားသော စကားပြောနိုင်သည့် အချိန်ထက် ကျော်လွန်၍ ပြောဆိုနေပါက သတိပေးကြပ်မတ်ခြင်း။

(ဇ) ပြည်သူ့ကောင်စီဝင် တဦးဦးသည် ပြည်သူ့ကောင်စီ အစည်းအဝေး တရပ်ကို ရှေ့ဆိုင်းရန်၊ သို့မဟုတ် ရပ်ဆိုင်းရန် တင်ပြလာပါက ပြည်သူ့ ကောင်စီဝင် အများစု၏ သဘောတူညီချက်ကို ရယူ၍ ဆောင်ရွက်ခြင်း၊

(ဈ) ပြည်သူ့ကောင်စီတွင် ဆွေးနွေးဆဲ အကြောင်းကိစ္စတခုကို ပြည်သူ့ ကောင်စီဝင်တဦးဦးက ရှေ့ဆိုင်းရန်၊ သို့မဟုတ် ရပ်ဆိုင်းရန် တင်ပြ လာပါက ပြည်သူ့ကောင်စီဝင် အများစု၏ သဘောတူညီချက်ကိုရ ယူ၍ ဆောင်ရွက်ခြင်း၊

(ည) ပြည်သူ့ကောင်စီ အစည်းအဝေးတွင် ဆန္ဒသဘောထား ရယူရန်ပေါ် ပေါက်သည့်အခါ လိုအပ်သည့် ပြည်သူ့ကောင်စီဝင် ဦးရေ ပြည့်ရေး အတွက် အစည်းအဝေး တက်ရောက်ရန် ပြည်သူ့ကောင်စီဝင်များ အား နှိုးဆော်ပြီး၊ ယင်းသို့ နှိုးဆော်ပြီးနောက် သင့်လျော်သည့် အချိန်အထိ စောင့်ဆိုင်းသော်လည်း လိုအပ်သည့် ပြည်သူ့ ကောင်စီ ဝင်ဦးရေမပြည့်ပါက ပြည်သူ့ကောင်စီ အစည်းအဝေးကို သင့်လျော် သလို ရွှေ့ဆိုင်းခြင်း၊

(ဋ) ပြည်သူ့ကောင်စီတွင် တင်ပြသည့် ကိစ္စတရပ်သည် အခြားကိစ္စ၊ သို့ မဟုတ် သာမန်ကိစ္စဟူ၍ အယူအဆ ကွဲလွဲနေပါက ယင်းပြဿနာကို ပြည်သူ့ကောင်စီ အစည်းအဝေးသို့ တက်ရောက်လာသော ပြည်သူ့ ကောင်စီဝင် ထက်ဝက်ကျော်၏ ဆန္ဒမဲဖြင့် အဆုံးအဖြတ် တောင်းခံခြင်း၊

(ဌ) အကြောင်းကိစ္စ တခုနှင့်ပတ်သက် ပြည်သူ့ ကောင်စီဝင်များက မည်သည့်နည်းဖြင့် ဆန္ဒပေးရမည်ကို ဆုံးဖြတ်သတ်မှတ်ပေးခြင်း၊

(ဍ) ပြည်သူ့ကောင်စီတွင် အကြောင်းကိစ္စ တခုနှင့် ပတ်သက်၍ လိုအပ် လျှင် ပြည်သူ့ကောင်စီ၏ ဆန္ဒသဘောထား ရယူခြင်း၊ ယင်းဆန္ဒ သဘောထားကို ဆန္ဒမဲအရေအတွက် ကြေညာခြင်း။

၁၈။ ။အလှည့်ကျသဘာပတိသည် အောက်ပါ ကိစ္စရပ်များကို အရေးယူ ဆောင် ရွက်ရန် ပေါ်ပေါက်လာပါက သဘာပတိအဖွဲ့ဝင်များနှင့် ညှိနှိုင်း စုပေါင်းဆုံးဖြတ်ရမည်—

(က) ပြည်သူ့ကောင်စီဝင်တဦးက ပြည်သူ့ကောင်စီ ရှေ့မှောက်တွင် မဖွယ်မရာပြုမူပြောဆိုသည့်အတွက် လက်ရှိကျင်းပနေသော ပြည်သူ့ ကောင်စီ အစည်းအဝေးများကို တက်ရောက်ခွင့် မပြုရန် အကန့် အသတ်ဖြင့် ပိတ်ပင်ခြင်း၊

(ခ) သက်ဆိုင်ရာ ပြည်သူ့ကောင်စီ၏ သိက္ခာကို ထိပါးစေသော ရေး သားပြောဆိုမှုနှင့် ပြည်သူ့ကောင်စီတွင်း ဆောင်ရွက်ချက် များကို အထင်အမြင်မှားစေသော ရေးသားပြောဆိုမှုများအတွက် မည်သို့ မည်ပုံ အရေးယူရမည်ကို ညှိနှိုင်းဆုံးဖြတ်ခြင်း၊

(ဂ) ပြည်သူ့ကောင်စီဝင်တဦးသည် ပြည်သူ့ကောင်စီ၏ ခွင့်ပြုချက် မရရှိပဲ၊ သို့မဟုတ် ခိုင်လုံသော အကြောင်းပြချက်မရှိပဲ အစည်းအဝေး တက်ရောက်ရန် ပျက်ကွက်လျှင် မည်သို့အရေးယူရမည်ကို ညှိနှိုင်းဆုံး ဖြတ်ခြင်း။

(ဃ) ပြည်သူ့ကောင်စီဝင်တဦး၏ တင်ပြဆွေးနွေးချက်ကို တစုံတခုသော အကြောင်းကြောင့် အစည်းအဝေး မှတ်တမ်းတွင် ထည့်သွင်းရန်သင့် မသင့် ဆုံးဖြတ်ခြင်း၊

(င) ပြည်သူ့ကောင်စီဝင်များ၏ တင်ပြဆွေးနွေးချက်များအနက် မည်သည့် တင်ပြဆွေးနွေးချက်များကို လျှို့ဝှက်ချက်များအဖြစ် သတ်မှတ်သင့်သည်ဟု ဆုံးဖြတ်ခြင်း၊

(စ) ပြည်သူ့ကောင်စီဝင်တဦးသည် လျှို့ဝှက်ချက်များကို ပြင်ပသို့ ပေါက်ကြားစေရန်ပြုမူပါက မည်ကဲ့သို့ အရေးယူရမည်ကို ဆုံးဖြတ်ခြင်း၊

(ဆ) ပြည်သူ့ကောင်စီ အစည်းအဝေး ကျင်းပချိန်၌ ပြည်သူ့ကောင်စီဝင် တဦးဦးကို ဖမ်းဆီးချုပ်နှောင်ရန် ရှိပါက ဆုံးဖြတ်ခြင်း။

၁၉။ ။သဘာပတိအဖွဲ့၏ သက်တမ်းသည် နောက်တကြိမ် ကျင်းပသည့် ပြည်သူ့ကောင်စီ၏ ပုံမှန် အစည်းအဝေးက သဘာပတိအဖွဲ့ ရွေးချယ်တင် မြှောက်ပြီးသည့် နေ့အထိဖြစ်သည်။

## အခန်း ၄

## ဒေသဆိုင်ရာ အာဏာပိုင် အဖွဲ့အစည်းများနှင့် ပြည်သူ့ကောင်စီအဖွဲ့အစည်းများ ဖွဲ့စည်းခြင်း

၂၀။ ။(က) ပြည်သူ့ကောင်စီ အဆင့်ဆင့်က ဆုံးဖြတ်သည့် လုပ်ငန်းကိစ္စ အဝဝ တို့ကို အချိန်ပြည့် တာဝန်ယူ ဆောင်ရွက်ရန် ပြည်သူ့ကောင်စီ အဆင့်ဆင့်တွင် ပြည်သူ့ကောင်စီဝင်များဖြင့် အလုပ်အမှုဆောင် အဖွဲ့ တခုစီကို ရွေးချယ်တင်မြှောက် ဖွဲ့စည်းထားရမည်။

(ခ) အလုပ်အမှုဆောင် အဖွဲ့များကို ပြည်သူ့ကောင်စီ အဆင့်ဆင့်တွင် ယင်းပြည်သူ့ကောင်စီ အဆင့်ဆင့်၏ အရွယ်အစား ပမာဏအလိုက် သတ်မှတ်ထားသည့် ပြည်သူ့ကောင်စီဝင် ဦးရေဖြင့် ဖွဲ့စည်းရမည်။

(ဂ) အလုပ်အမှုဆောင် အဖွဲ့ဝင် ဦးရေကို ပြည်သူ့ကောင်စီမှ ရွေးချယ် တင်မြှောက်နိုင်ရန် ပြည်သူ့ကောင်စီဝင်များသည် အလုပ်အမှုဆောင် အဖွဲ့ဝင်လောင်းများ၏ အမည်စာရင်းများကို အလျှဉ်းသင့်သလို သဘာပတိထံ တင်သွင်းရမည်။

(ဃ) အလုပ်အမှုဆောင်အဖွဲ့ဝင်လောင်း အမည်စာရင်းများကို ရရှိသောအခါ ဆန္ဒမဲအများအနည်းအလိုက် စုဆောင်းစိစစ်၍ လိုအပ်သည့်အဖွဲ့ဝင် ဦးရေထက်သင့်လျော်သော ဦးရေဖြင့် ထပ်ဆောင်း ထားသော ပြည်သူ့ ကောင်စီဝင် အမည်စာရင်းကို ပြုစုပြီး အလျှဉ်းသင့်သလို သဘာပတိက ပြည်သူ့ကောင်စီသို့ ကြေညာရမည်။

(င) အမည်စာရင်းထဲမှ လိုအပ်သည့် အဖွဲ့ဝင်ဦးရေကို ပြည်သူ့ကောင်စီက လျှို့ဝှက်ဆန္ဒမဲဖြင့် ရွေးချယ်တင်မြှောက်ရမည်။

(စ) အလုပ်အမှုဆောင် အဖွဲ့ဝင်များအဖြစ် ရွေးချယ်တင်မြှောက်ခြင်း ခံရသူများ၏ အမည်စာရင်းကို အလျဉ်းသင့်သလို သဘာပတိက ပြည်သူ့ကောင်စီသို့ ကြေညာရမည်။

၂၁။ ။(က) အလုပ်အမှုဆောင် အဖွဲ့ဝင်များသည် မိမိတို့ အထဲမှ ဥက္ကဋ္ဌတဦးနှင့် အတွင်းရေးမှူး တဦးကို လျှို့ဝှက်ဆန္ဒမဲဖြင့် ရွေးချယ်တင်မြှောက်ရမည်၊

(ခ) ရွေးချယ် တင်မြှောက်ခြင်း ခံရသော ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့၏ အမည်များကို အလျဉ်းသင့်သလို သဘာပတိက ပြည်သူ့ကောင်စီသို့ ကြေညာရမည်။

၂၂။ ။အလုပ်အမှုဆောင်အဖွဲ့ ဥက္ကဋ္ဌ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည်—

(က) အလုပ်အမှုဆောင်အဖွဲ့ ဥက္ကဋ္ဌသည် သက်ဆိုင်ရာ ပြည်သူ့ကောင်စီ၏ ဥက္ကဋ္ဌဖြစ်သည်၊

(ခ) အလုပ်အမှုဆောင်အဖွဲ့ ဥက္ကဋ္ဌသည် သက်ဆိုင်ရာ ပြည်နယ်၊ တိုင်း၊ မြို့နယ်၊ ရပ်ကွက်နှင့် ကျေးရွာအုပ်စု အသီးသီး၏ ဥက္ကဋ္ဌလည်းဖြစ်သည်၊

(ဂ) အလုပ်အမှုဆောင်အဖွဲ့ကို ဦးဆောင်မှု ပေးရမည်၊

(ဃ) အလုပ်အမှုဆောင်အဖွဲ့ အစည်းအဝေး အစီအစဉ်များကို အတွင်းရေးမှူးနှင့် ညှိနှိုင်းရေးဆွဲ အတည်ပြုရမည်၊

(င) အလုပ် အမှုဆောင်အဖွဲ့ အစည်းအဝေးများ ခေါ်ယူ ကျင်းပရမည်၊

(စ) အလုပ် အမှုဆောင်အဖွဲ့ အစည်းအဝေးများတွင် သဘာပတိအဖြစ် ဆောင်ရွက်၍ ယင်းအစည်းအဝေးများကို ကွပ်ကဲကြပ်မတ်ရမည်၊

(ဆ) ပြည်သူ့ကောင်စီ အစည်းအဝေး အစီအစဉ်ကို အလုပ်အမှုဆောင်အဖွဲ့၊ သဘာပတိ အဖွဲ့တို့နှင့် ညှိနှိုင်းရေးဆွဲရမည်။

၂၃။ ။အလုပ်အမှုဆောင်အဖွဲ့ အတွင်းရေးမှူး၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များမှာအောက်ပါအတိုင်းဖြစ်သည်—

(က) အလုပ် အမှုဆောင်အဖွဲ့ အတွင်းရေးမှူးသည် သက်ဆိုင်ရာ ပြည်သူ့ကောင်စီ၏ အတွင်းရေးမှူးဖြစ်သည်၊

(ခ) အလုပ် အမှုဆောင်အဖွဲ့ အစည်းအဝေးများတွင် အတွင်းရေးမှူးအဖြစ် ဆောင်ရွက်ရမည်၊

(ဂ) အလုပ် အမှုဆောင်အဖွဲ့ အစည်းအဝေး အစီအစဉ်များကို ဥက္ကဋ္ဌနှင့် ညှိနှိုင်း ရေးဆွဲရမည်၊

(ဃ) ပြည်သူ့ကောင်စီ အစည်းအဝေးများတွင် အတွင်းရေးမှူးအဖြစ် ဆောင်ရွက်ရမည်၊ ပြည်သူ့ကောင်စီ၏ နေ့စဉ် အစည်းအဝေး အစီအစဉ်များကို ပြုစု၍ ဖြန့်ဝေရမည်၊

(င) အလုပ် အမှုဆောင် အဖွဲ့နှင့် ပြည်သူ့ကောင်စီ အစည်းအဝေးများ၏ ဆုံးဖြတ်ချက်များ၊ မှတ်တမ်းများကို ရေးသွင်းထိန်းသိမ်း ထားရှိရမည်၊ လိုအပ်သလို ဖြန့်ဝေရမည်၊

(စ) ဥက္ကဋ္ဌသည် ယာယီအားဖြင့် တာဝန် ဝတ္တရားများကို ထမ်းဆောင်ခြင်း မပြုနိုင်သည့်အခါ ဥက္ကဋ္ဌ၏ တာဝန် ဝတ္တရားများကို ယာယီပူးတွဲ ထမ်းဆောင်ရမည်၊

(ဆ) ပြည်သူ့ ကောင်စီရုံးကို စနစ်တကျ ကြီးကြပ်ကွပ်ကဲရမည်၊

(ဇ) ပြည်သူ့ ကောင်စီနှင့် အလုပ်အမှုဆောင် အဖွဲ့က အခါအားလျော်စွာ ပေးအပ်သော အခြား တာဝန်များကိုလည်း ဆောင်ရွက်ရမည်။

၂၄။ ။(က) ဥပဒေနှင့်အညီ လွတ်လပ်စွာ တရားစီရင်နိုင်ရန် ပြည်သူ့ ကောင်စီ အဆင့်ဆင့်တွင် ပြည်သူ့ ကောင်စီဝင်များ အဖြစ် တရားသူကြီးအဖွဲ့ တခုစီကို ရွေးချယ်တင်မြှောက် ဖွဲ့စည်းထားရမည်။

(ခ) တရားသူကြီး အဖွဲ့များကို ပြည်သူ့ကောင်စီ အဆင့်ဆင့်တွင် ယင်း ပြည်သူ့ကောင်စီ အဆင့်ဆင့်၏ အရွယ်အစား ပမာဏအလိုက် သတ်မှတ်ထားသည့် ပြည်သူ့ ကောင်စီဝင် ဦးရေဖြင့် ဖွဲ့စည်းရမည်။

(ဂ) သတ်မှတ်ထားသည့်အတိုင်း တရားသူကြီး အဖွဲ့ဝင် ဦးရေကို ပြည်သူ့ ကောင်စီမှ ရွေးချယ် တင်မြှောက်နိုင်ရန် ပြည်သူ့ ကောင်စီဝင်များသည် တရားသူကြီး အဖွဲ့ဝင် လောင်းများ၏ အမည်စာရင်းများကို အလှည့်ကျ သဘာပတိထံ တင်သွင်းရမည်။

(ဃ) တရားသူကြီး အဖွဲ့ဝင်လောင်း အမည်စာရင်းများကို ရရှိသောအခါ ဆန္ဒမဲ အများအနည်း အလိုက် စုစောင်းစိစစ်၍ လိုအပ်သည့် အဖွဲ့ဝင် ဦးရေထက် သင့်လျော်သော ဦးရေဖြင့်ထပ်ဆောင်းထားသော ပြည်သူ့ ကောင်စီဝင် အမည်စာရင်းကို ပြုစုပြီး အလှည့်ကျ သဘာပတိက ပြည်သူ့ကောင်စီသို့ ကြေညာရမည်။

(င) အမည်စာရင်းထဲမှ လိုအပ်သည့် အဖွဲ့ဝင်ဦးရေကို ပြည်သူ့ကောင်စီက လျှို့ဝှက် ဆန္ဒမဲဖြင့် ရွေးချယ်တင်မြှောက်ရမည်။

(စ) တရားသူကြီး အဖွဲ့ဝင်များအဖြစ် ရွေးချယ် တင်မြှောက်ခြင်း ခံရသူများ၏ အမည်စာရင်းကို အလှည့်ကျ သဘာပတိက ပြည်သူ့ကောင်စီသို့ ကြေညာရမည်။

၂၅။ ။တရားသူကြီး အဖွဲ့ဝင်များသည် မိမိတို့အထဲမှ ဥက္ကဋ္ဌ တဦးကို လျှို့ဝှက်ဆန္ဒမဲဖြင့် ရွေးချယ်တင်မြှောက်ရမည်။

၂၆။ ။(က) ပြည်သူ့ကောင်စီ အဆင့်ဆင့်က ချမှတ်ထားသော လုပ်ငန်းများကို ဒေသဆိုင်ရာ လုပ်ငန်း အဖွဲ့အစည်းများနှင့် စစ်ဆေးရန် ဥပဒေအရ သတ်မှတ်ထားသော အခြား အဖွဲ့အစည်းများ၏ ဆောင်ရွက်ချက်များသည် ပြည်သူတို့အတွက် အကျိုးသက်ရောက်မှုရှိသည်၊ မရှိသည်တို့ကို စစ်ဆေးနိုင်ရန် မြို့နယ်ပြည်သူ့ကောင်စီ၊ တိုင်း ပြည်သူ့ကောင်စီနှင့်

မြို့နယ် ပြည်သူ့ကောင်စီများတွင် သက်ဆိုင်ရာ ပြည်သူ့ကောင်စီဝင်များ ဖြင့် ဒေသဆိုင်ရာ လုပ်ငန်းစစ်ဆေးရေး အဖွဲ့တခုစီကို ရွေးချယ်တင်မြှောက် ဖွဲ့စည်းထားရှိရမည်။

(ခ) ဒေသဆိုင်ရာ လုပ်ငန်းစစ်ဆေးရေး အဖွဲ့များကို ပြည်နယ်၊ တိုင်းနှင့် မြို့နယ် ပြည်သူ့ကောင်စီများတွင် ယင်းပြည်သူ့ကောင်စီ အရွယ်အစား ပမာဏအလိုက် သတ်မှတ်ထားသည့် ပြည်သူ့ကောင်စီဝင် ဦးရေဖြင့် ဖွဲ့စည်းရမည်။

(ဂ) သတ်မှတ် ထားသည့်အတိုင်း လုပ်ငန်း စစ်ဆေးရေး အဖွဲ့ဝင် ဦးရေကို ပြည်သူ့ကောင်စီမှ ရွေးချယ် တင်မြှောက်နိုင်ရန် ပြည်သူ့ကောင်စီဝင်များသည် လုပ်ငန်း စစ်ဆေးရေးအဖွဲ့ဝင် လောင်းများ၏ အမည်စာရင်းများကို အလှည့်ကျ သဘာပတိထံ တင်သွင်းရမည်။

(ဃ) လုပ်ငန်း စစ်ဆေးရေး အဖွဲ့ဝင်လောင်း အမည်စာရင်းများ ရရှိသောအခါ ဆန္ဒမဲ အများအနည်းအလိုက် စုဆောင်း စိစစ်၍ လိုအပ်သည့် အဖွဲ့ဝင် ဦးရေထက် သင့်လျော်သော ဦးရေဖြင့် ထပ်ဆောင်းထားသော ပြည်သူ့ ကောင်စီဝင် အမည်စာရင်းကို ပြုစုပြီး အလှည့်ကျသဘာပတိက ပြည်သူ့ ကောင်စီသို့ ကြေညာရမည်။

(င) အမည် စာရင်းထဲမှ လိုအပ်သည့် အဖွဲ့ဝင်ဦးရေကို ပြည်သူ့ကောင်စီက လျှို့ဝှက်ဆန္ဒမဲဖြင့် ရွေးချယ်တင်မြှောက်ရမည်။

(စ) လုပ်ငန်း စစ်ဆေးရေး အဖွဲ့ဝင်များအဖြစ် ရွေးချယ်ခြင်း ခံရသူများ၏ အမည်စာရင်းကို အလှည့်ကျ သဘာပတိက ပြည်သူ့ ကောင်စီသို့ ကြေညာရမည်။

၂၇။ လုပ်ငန်း စစ်ဆေးရေး အဖွဲ့ဝင်များသည် မိမိတို့အထဲမှ ဥက္ကဋ္ဌတဦးကို လျှို့ဝှက် ဆန္ဒမဲဖြင့် ရွေးချယ်တင်မြှောက်ရမည်။

၂၈။ (က) ပြည်သူ့ကောင်စီ ရေးရာ ကော်မီတီများကို အောက်ပါ ပြည်သူ့ကောင်စီ အဆင့်များ၌ သက်ဆိုင်ရာ ပြည်သူ့ကောင်စီဝင်များဖြင့် ရွေးချယ်တင်မြှောက် ဖွဲ့စည်းရမည်—

(၁) ပြည်နယ် ပြည်သူ့ကောင်စီနှင့် တိုင်း ပြည်သူ့ကောင်စီ၊

(၂) မြို့နယ် ပြည်သူ့ကောင်စီ။

(ခ) ရပ်ကွက် ပြည်သူ့ကောင်စီများနှင့် ကျေးရွာအုပ်စု ပြည်သူ့ကောင်စီများတွင် ပြည်သူ့ ကောင်စီဝင်များ စိစစ်ရေး ကော်မီတီကို သက်ဆိုင်ရာ ပြည်သူ့ကောင်စီဝင် သုံးဦးစီဖြင့် ရွေးချယ်တင်မြှောက် ဖွဲ့စည်းရမည်။

(ဂ) သတ်မှတ် ထားသည့်အတိုင်း ပြည်သူ့ ကောင်စီ ရေးရာကော်မီတီ ဦးရေကို ပြည်သူ့ ကောင်စီမှ ရွေးချယ် တင်မြှောက်နိုင်ရန် ပြည်သူ့ကောင်စီဝင်များသည် ရေးရာ ကော်မီတီဝင်လောင်းများ၏ အမည်စာရင်းကို အလှည့်ကျ သဘာပတိထံ တင်သွင်းရမည်။

(ဃ) ရွေးရာ ကော်မီတီဝင်လောင်း အမည်စာရင်းများကို မရှိသောအခါ ဆန္ဒမဲအများအနည်းအလိုက် စုဆောင်းစိစစ် လိုအပ်သည့် ကော်မီတီဝင်ဦးရေထက် သင့်လျော်သော ဦးရေဖြင့် ထုပ်ဆောင်းထားသော ပြည်သူ့ကောင်စီဝင် အမည်စာရင်းကို ပြုစုပြီး အလှည့်ကျသဘာပတိက ပြည်သူ့ကောင်စီသို့ကြေညာရမည်။

(င) အမည် စာရင်းထဲမှ လိုအပ်သည့် အဖွဲ့ဝင်ဦးရေကို ပြည်သူ့ကောင်စီက လျှို့ဝှက် ဆန္ဒမဲဖြင့် ရွေးချယ်တင်မြှောက်ရမည်။

(စ) ရွေးရာ ကော်မီတီဝင်များအဖြစ် ရွေးချယ်တင်မြှောက်ခြင်း ခံရသူများ၏ အမည်စာရင်းကို အလှည့်ကျ သဘာပတိက ပြည်သူ့ကောင်စီသို့ ကြေညာရမည်။

(ဆ) ရွေးရာ ကော်မီတီဝင်များကို ပြည်သူ့ကောင်စီ အလုပ်အမှုဆောင် အဖွဲ့က ကော်မီတီအလိုက် ဖွဲ့စည်း တာဝန်ခွဲဝေ ပေးအပ်ရမည်။

၂၉။ ။ပြည်သူ့ကောင်စီ ရွေးရာကော်မီတီများကို တာဝန်ယူ ဦးဆောင်ရန် အတွင်းရေးမှူးတဦးစီကို ကော်မီတီအလိုက် မိမိတို့အထဲမှ လျှို့ဝှက်ဆန္ဒမဲဖြင့် ရွေးချယ်တင်မြှောက်ရမည်။

၃၀။ ။(က) ပြည်သူ့ ကောင်စီဝင် ငါးဆယ့်တစ်ဦးနှင့် အထက်ရှိသော ပြည်နယ်နှင့်တိုင်း ပြည်သူ့ ကောင်စီများတွင် အောက်ပါ ရွေးရာ ကော်မီတီများကို သက်ဆိုင်ရာ ပြည်သူ့ကောင်စီဝင် သုံးဦးစီဖြင့် ဖွဲ့စည်းရမည်—

(၁) ပြည်သူ့ ကောင်စီဝင်များ စိစစ်ရေး ကော်မီတီ၊
(၂) စီမံကိန်းနှင့် ဘဏ္ဍာရေးရာ ကော်မီတီ၊
(၃) ယဉ်ကျေးမှုနှင့် လူမှုရေးရာကော်မီတီ၊
(၄) စိုက်ပျိုးရေး၊ မွေးမြူရေး၊ သစ်တောရေးနှင့် တောင်သူလယ်သမားရေးရာကော်မီတီ၊
(၅) သမဝါယမ၊ ကုန်သွယ်ရေး ရောင်းဝယ်ရေးနှင့် အလုပ်သမား ရေးရာ ကော်မီတီ၊
(၆) လုံခြုံရေးနှင့် ပြည်သူ့စီမံခန့်ခွဲရေးရာ ကော်မီတီ၊
(၇) ပညာရေး၊ ကျန်းမာရေးနှင့် ဒေသဆိုင်ရာ အဖွဲ့အစည်းများရေးရာ ကော်မီတီ၊
(၈) တိုင်းရင်းသား လူမျိုးများ ရေးရာကော်မီတီ။

(ခ) ပြည်သူ့ကောင်စီဝင် သုံးဆယ်မှ ငါးဆယ် အထိရှိသော ပြည်နယ်နှင့်တိုင်း ပြည်သူ့ကောင်စီများတွင် အောက်ပါ ရွေးရာကော်မီတီများကို သက်ဆိုင်ရာ ပြည်သူ့ကောင်စီဝင် သုံးဦးစီဖြင့် ဖွဲ့စည်းရမည်—

(၁) ပြည်သူ့ကောင်စီဝင်များ စိစစ်ရေးကော်မီတီ၊
(၂) ဘဏ္ဍာရေးနှင့် စီးပွားရေးရာ ကော်မီတီ၊
(၃) ယဉ်ကျေးမှုနှင့် တိုင်းရင်းသား လူမျိုးများ ရေးရာကော်မီတီ၊
(၄) လုံခြုံရေး၊ ပညာရေး၊ ကျန်းမာရေးနှင့် ပြည်သူ့စီမံခန့်ခွဲရေးရာ ကော်မီတီ။

၃၁။ ။(က) ပြည်သူ့ကောင်စီဝင် ငါးဆယ်တစ်ဦးနှင့် အထက်ရှိသော မြို့နယ်ပြည်သူ့ကောင်စီများတွင် အောက်ပါ ရေးရာ ကော်မီတီများကို သက်ဆိုင်ရာ ပြည်သူ့ကောင်စီဝင် သုံးဦးစီဖြင့် ဖွဲ့စည်းရမည်။

(၁) ပြည်သူ့ကောင်စီဝင်များ စိစစ်ရေးရာကော်မီတီ၊
(၂) စီမံကိန်းနှင့် ဘဏ္ဍာရေးရာကော်မီတီ၊
(၃) ယဉ်ကျေးမှုနှင့် လူမှုရေးကော်မီတီ၊
(၄) စိုက်ပျိုးရေး၊ မွေးမြူရေး၊ သစ်တောရေးနှင့် တောင်သူလယ်သမားရေးရာ ကော်မီတီ၊
(၅) သမဝါယမ၊ ကုန်သွယ်ရောင်းဝယ်ရေးနှင့် အလုပ်သမားရေးရာ ကော်မီတီ၊
(၆) ငြိမ်ဝပ်ပိပြားရေးနှင့် ပြည်သူ့စီမံခန့်ခွဲရေးရာ ကော်မီတီ၊
(၇) ပညာရေး၊ ကျန်းမာရေးနှင့် ဒေသဆိုင်ရာ အဖွဲ့အစည်းများ ရေးရာကော်မီတီ။

(ခ) ပြည်သူ့ကောင်စီဝင် နှစ်ဆယ်မှ ငါးဆယ် အထိရှိသော မြို့နယ်ပြည်သူ့ကောင်စီများတွင် အောက်ပါရေးရာ ကော်မီတီများကို သက်ဆိုင်ရာ ပြည်သူ့ကောင်စီဝင် သုံးဦးစီဖြင့် ဖွဲ့စည်းရမည်—

(၁) ပြည်သူ့ ကောင်စီဝင်များ စိစစ်ရေး ကော်မီတီ၊
(၂) ဘဏ္ဍာရေးနှင့် စီးပွားရေးရာ ကော်မီတီ၊
(၃) ယဉ်ကျေးမှုနှင့် လူမှုရေးရာကော်မီတီ၊
(၄) ငြိမ်ဝပ်ပိပြားရေးနှင့် ပြည်သူ့စီမံခန့်ခွဲရေးရာ ကော်မီတီ။

၃၂။ ။(က) ပြည်နယ်၊ သို့မဟုတ် တိုင်းပြည်သူ့ကောင်စီ တရပ်တွင် ပါဝင်သော ပြည်သူ့ကောင်စီဝင် ဦးရေအပေါ်တွင် မူတည်၍ ယင်းပြည်သူ့ကောင်စီ၏ သဘာပတိအဖွဲ့၊ အလုပ်အမှုဆောင်အဖွဲ့၊ တရားသူကြီးအဖွဲ့၊ လုပ်ငန်းစစ်ဆေးရေးအဖွဲ့နှင့် ရေးရာကော်မီတီများကို အောက်ပါ ပြည်သူ့ကောင်စီဦးရေနှင့် ယှဉ်တွဲဖော်ပြထားသော အရေအတွက်ဖြင့် ဖွဲ့စည်းထားရှိရမည်။

| ပြည်သူ့ကောင်စီဝင် ဦးရေ | သဘာပတိ အဖွဲ့ဝင် ဦးရေ | အလုပ်အမှုဆောင်အဖွဲ့ ဝင်ဦးရေ | တရားသူကြီးအဖွဲ့ဝင် ဦးရေ | လုပ်ငန်းစစ်ဆေးရေး အဖွဲ့ဝင် ဦးရေ | ရေးရာ ကော်မီတီ ဦးရေ |
|---|---|---|---|---|---|
| ၃၀ မှ ၅၀ ဦး | ၃ | ၅ | ၃ | ၃ | ၁၂ |
| ၅၁ မှ ၈၀ ဦး | ၅ | ၇ | ၅ | ၅ | ၂၄ |
| ၈၁ မှ ၁၀၀ ဦး | ၅ | ၉ | ၅ | ၅ | ၂၄ |

(ခ) မြို့နယ်ပြည်သူ့ကောင်စီတရပ်တွင် ပါဝင်သော ပြည်သူ့ကောင်စီဝင် ဦးရေပေါ်တွင် မူတည်၍ ယင်းပြည်သူ့ကောင်စီ၏ သဘာပတိအဖွဲ့၊ အလုပ်အမှုဆောင်အဖွဲ့၊ တရားသူကြီးအဖွဲ့၊ လုပ်ငန်းစစ်ဆေးရေးအဖွဲ့နှင့် ရေးရာကော်မီတီများကို အောက်ပါ ပြည်သူ့ကောင်စီဝင် ဦးရေနှင့် ယှဉ်တွဲဖော်ပြထားသော အရေအတွက်ဖြင့် ဖွဲ့စည်းထားရှိရမည်။

| ပြည်သူ့ကောင်စီဝင် ဦးရေ | သဘာပတိ အဖွဲ့ဝင် ဦးရေ | အလုပ်အမှုဆောင်အဖွဲ့ဝင်ဦးရေ | တရား သူကြီးအဖွဲ့ဝင် ဦးရေ | လုပ်ငန်း စစ်ဆေးရေး အဖွဲ့ဝင် ဦးရေ | ရေးရာ ကော်မီတီဝင် ဦးရေ |
|---|---|---|---|---|---|
| ၂၀ ဦးအထိ .. | ၃ | ၃ | ၃ | ၃ | ၃ |
| ၂၁ မှ ၅၀ ဦး | ၃ | ၅ | ၃ | ၃ | ၁၂ |
| ၅၁ မှ ၈၀ ဦး | ၅ | ၇ | ၃ | ၃ | ၂၁ |
| ၈၁ မှ ၁၀၀ ဦး | ၅ | ၇ | ၅ | ၅ | ၂၁ |

(ဂ) ရပ်ကွက်၊ သို့မဟုတ် ကျေးရွာအုပ်စု ပြည်သူ့ကောင်စီ တရပ်တွင် ပါဝင်သော ပြည်သူ့ကောင်စီဝင် ဦးရေပေါ်တွင် မူတည်၍ ယင်း ပြည်သူ့ကောင်စီ၏ သဘာပတိအဖွဲ့၊ အလုပ်အမှုဆောင်အဖွဲ့နှင့် တရားသူကြီးအဖွဲ့များကို အောက်ပါ ပြည်သူ့ကောင်စီဝင်ဦးရေနှင့် ယှဉ်တွဲဖော်ပြထားသော အရေအတွက်ဖြင့် ဖွဲ့စည်းထားရှိရမည်။

| ပြည်သူ့ကောင်စီဝင်ဦးရေ | သဘာပတိအဖွဲ့ဝင်ဦးရေ | အလုပ်အမှုဆောင် အဖွဲ့ဝင်ဦးရေ | တရားသူကြီးအဖွဲ့ဝင် ဦးရေ |
|---|---|---|---|
| ၁၀ ဦးအထိ .... | ၁ | ၃ | ၃ |
| ၁၁ မှ ၁၅ ဦး .... | ၃ | ၃ | ၃ |
| ၁၆ မှ ၂၅ ဦး .... | ၃ | ၅ | ၃ |
| ၂၆ မှ ၃၀ ဦး .... | ၃ | ၅ | ၅ |

## အခန်း ၅

## အဆိုများတင်သွင်းခြင်း၊ ဆွေးနွေးခြင်း၊ အတည်ပြုဆုံးဖြတ်ခြင်း

၃၃။ ။(က) ပြည်သူ့ကောင်စီဝင် တဦးသည် ပြည်သူ့ကောင်စီဘွင် အဆိုတင်သွင်းလိုလျှင်၊ ဒေနည်းတုံး (၄၇) နာရီ မတိုင်မီ မိမိလက်မှတ်ရေးထိုးထားသော အဆိုသွားကို သဘာပတိအဖွဲ့သို့ ကြိုတင်ပေးပို့ရမည်။

(ခ) ဝမ်းသာကြောင်းအဆိုများ၊ သို့မဟုတ် ဝမ်းနည်းကြောင်းအဆိုများ၊ သို့မဟုတ် အရေးပေါ် အခြေအနေအရ တင်သွင်းရန်လိုအပ်သောအဆိုများကို သဘာပတိအဖွဲ့ထံ ကြိုတင်အကြောင်း ကြားထားခြင်းမရှိစေကာမူ အလွန့်အလျှံ သဘာပတိက တင်သွင်းခွင့်ပြုလျှင် ပြည်သူ့ကောင်စီ၏ အဆုံးအဖြတ်ကိုရယူ၍ တင်သွင်းဆွေးနွေးနိုင်သည်။

(ဂ) ပြည်သူ့ကောင်စီသို့ တင်သွင်းသည့် အဆိုများသည် အောက်ပါ စည်းကမ်းချက်များနှင့် ကိုက်ညီရမည်—

(၁) ဒေမျာ ပြည်သူနှင့် သက်ဆိုင်ရမည်၊

(၂) လိုရင်းအချက်ကို ရှင်းလင်းတိကျစွာ ရေးသားဖော်ပြရမည်၊

(၃) အဆိုများကို ရေးသားစီကုံးရာတွင် ပြည်သူ့ကောင်စီမှ "ထောက်ခံကြောင်း၊ ယုံကြည်ကြောင်း၊ ဝိုက်တွန်းကြောင်း၊ လက်ခံကြောင်း၊ ကြေညာကြောင်း" စသည့် သဘောထားမျိုးဖြင့် ရေးသားဖော်ပြရမည်၊

(၄) ဘာသာရေးနှင့် နိုင်ငံရေးတို့ကို ရောယှက်သောအဆို၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို ထိခိုက်သောအဆို၊ သို့မဟုတ် နိုင်ငံတော်က ကျင့်စဉ်သည့် ဆိုရှယ်လစ်စနစ်ကို ပုတ်ခတ်သောအဆိုမဖြစ်စေရ၊

(၅) ပြည်သူ့ကောင်စီ၏ ဆန္ဒသဘောထားကို ထင်ဟပ်ဖော်ပြသောအဆိုမျိုးဖြစ်စေရမည်။

၃၄။ ။ပြည်သူ့ကောင်စီဝင်တဦးက တင်သွင်းသော အဆိုသည် စည်းကမ်းချက်များနှင့် ကိုက်ညီခြင်းရှိ၊ မရှိနှင့် တင်သွင်းခွင့်ပြုမည် မပြုမည်ကို သဘာပတိအဖွဲ့က စိစစ်ဆုံးဖြတ်ရမည်။

၃၅။ ။ပြည်သူ့ကောင်စီဝင်များက တင်သွင်းသည့် အဆိုများသည် သဘောထားချင်း တူညီနေကြောင်းကို သဘာပတိအဖွဲ့က တွေ့ရှိလျှင် သဘောထားချင်းတူညီနေသော အဆိုများကို ပေါင်းစပ်၍ အတိုအစုတည်းအဖြစ် တင်သွင်းရန် သက်ဆိုင်ရာ ပြည်သူ့ကောင်စီဝင်များနှင့် ညှိနှိုင်းဆောင်ရွက်ပေးရမည်။

၃၆။ ။(က) သဘာပတိအဖွဲ့သည် ပြည်သူ့ကောင်စီသို့ တင်သွင်းရန် ခွင့်ပြုထားသည့် အဆိုများကို စိစစ်ရာ၌ သက်ဆိုင်ရာ ဒေသ၏ အကျိုး

ကိုလည်းကောင်း၊ ပြည်သူ့ကောင်စီ အစည်းအဝေး အချိန်ကိုလည်းကောင်း၊ အဆိုတင်သွင်းသော အကြောင်းကြားစာ လက်ခံရရှိသည့် နေ့နောက် အစီအစဉ်ကိုလည်းကောင်း အခြေခံသုံးသပ်၍ ပြည့်စုံသည့် အဆိုများကို ဦးစားပေး တင်သွင်းရမည့်ကို ဆုံးဖြတ်ရမည်၊

(ခ) အဆိုများတင်သွင်းခွင့်ပြုသည့် အစီအစဉ်ကို သတ်မှတ်ရာတွင် ဒေသဆိုင်ရာ အာဏာပိုင် အဖွဲ့အစည်းများမှ တင်သွင်းရန် သဘာပတိ အဖွဲ့သို့ အကြောင်းကြားထားသည့် အဆိုများကို ဦးစားပေး၍ တင်သွင်းခွင့်ပြုရမည်။

၃၇။ ။(က) ဒေသဆိုင်ရာ အာဏာပိုင် အဖွဲ့အစည်းတရပ်ရပ်က ဖြစ်စေ၊ ပြည်သူ့ ကောင်စီဝင် တဦးဦးကဖြစ်စေ တင်သွင်းသော အဆိုတရပ်ကို အလှည့်ကျ သဘာပတိ၏ ခွင့်ပြုချက်ဖြင့် ပြည်သူ့ ကောင်စီဝင်များက ဆွေးနွေးခွင့်ရှိသည်၊

(ခ) အဆိုတင်သွင်းသော ပြည်သူ့ကောင်စီဝင်သည် အခြား ပြည်သူ့ ကောင်စီဝင်များ၏ ဆွေးနွေးဝေဖန် တင်ပြချက်များ ပြီးဆုံးလျှင် ပြန်လည်ဖြေကြားသည့် သဘောဖြင့် နောက်ဆုံးအကြိမ် ပြောဆိုခွင့်ရှိသည်၊

(ဂ) ပြည်သူ့ကောင်စီသို့ တင်သွင်းရန် အကြောင်းကြားထားသော အဆို တရပ်အပေါ်တွင် ပါဝင်ဆွေးနွေးတင်ပြလိုသော ပြည်သူ့ ကောင်စီဝင်များ၏ အမည်စာရင်းကို သဘာပတိအဖွဲ့ထံ အနည်းဆုံး (၂၄) နာရီ ကြိုတင် ပေးပို့ထားရမည်၊ ယင်းအမည် စာရင်းကို သဘာပတိအဖွဲ့က စိစစ်၍ ဆွေးနွေးတင်ပြခွင့်ပြုရမည်။

၃၈။ ။(က) ဒေသဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်း တရပ်ရပ်က ဖြစ်စေ၊ ပြည်သူ့ ကောင်စီဝင် တဦးဦးကဖြစ်စေ အဆိုတရပ်ကို တင်သွင်းလိုသည်ဟု သဘာပတိအဖွဲ့ထံ အကြောင်းကြား၍ အစည်းအဝေး အစီအစဉ်တွင် ထည့်သွင်းဖော်ပြထားသော်လည်း ပြည်သူ့ကောင်စီတွင် ဖတ်ကြား တင်သွင်းခြင်းမပြုသေးမီ ယင်းအဆိုကို ပြန်လည်ရုပ်သိမ်းခွင့်ရှိသည်၊

(ခ) အစည်းအဝေး အစီအစဉ်တွင် ပါဝင်သော အဆိုကို ပြည်သူ့ကောင်စီတွင် ဖတ်ကြား တင်သွင်း၍ ပြည်သူ့ကောင်စီဝင် တဦးက ယင်းအဆိုကို ထောက်ခံပြီး ဖြစ်ပါက ပြည်သူ့ကောင်စီ တရပ်လုံး၏ သဘောတူညီချက်ဖြင့်သာ ယင်းအဆိုကို ပြန်လည်ရုပ်သိမ်းခွင့်ရှိသည်။

၃၉။ ။အစည်းအဝေး အစီအစဉ်တွင် ထည့်သွင်း ဖော်ပြထားသော အဆိုတရပ်အပေါ်တွင် ပြင်ဆင်ချက်တရပ် တင်သွင်းလိုပါက ယင်းပြင်ဆင်ချက် အဆိုကို တင်သွင်းမည့်နေ့ မတိုင်မီ အနည်းဆုံး (၂၄) နာရီ ကြိုတင်၍ သဘာပတိအဖွဲ့ထံ အကြောင်းကြားရမည်။

၄၀။ ။အဆို တရပ်အပေါ်တွင် တင်သွင်းသော ပြင်ဆင်ချက်၏ အဆိုသည် အောက်ပါ စည်းကမ်းချက်များနှင့် ကိုက်ညီရမည်။

(က) မူလအဆိုတွင် ပါရှိသော ကိစ္စနှင့် တိုက်ရိုက်သက်ဆိုင်ရမည်။

(ခ) မူလအဆိုနှင့် လုံးဝ ဆန့်ကျင်သည့်သဘော မသက်ရောက်စေရ၊

(ဂ) မူလ အဆိုပေါ်တွင် အသေးအဖွဲ့ သဘောဆောင်သော ပြင်ဆင်ချက် အဆို မဖြစ်စေရ၊
(ဃ) ပြင်ဆင်ချက် အဆို တင်သွင်းရာတွင် မူလအဆိုကို ရေးအားထားသည့် အစီအစဉ်အတိုင်း ရည်ညွှန်းဖော်ပြရမည်။

၄၁။ ။(က) ပြင်ဆင်ချက် အဆိုများကို ပြည်သူ့ ကောင်စီသို့ တင်သွင်းပြီးသည့်အခါ ပြင်ဆင်ချက်များနှင့် ပတ်သက်၍ ပြည်သူ့ ကောင်စီ၏ဆန္ဒကို မရယူမီ အလုပ်အကိုင် သဘာပတိက အဆိုနှင့် ပြင်ဆင်ချက်များကို ဖတ်ပြရမည်။
(ခ) အဆိုပေါ်တွင် ပြည်သူ့ကောင်စီ၏ အဆုံးအဖြတ် မရယူမီ ပြင်ဆင်ချက်များကို လက်ခံခြင်းပြုမည်၊ မပြုမည်နှင့် ပတ်သက်၍ ပြည်သူ့ကောင်စီ၏ သဘောထားကို ရှေးဦးစွာ ရယူရမည်။
(ဂ) ပြင်ဆင်ချက်များ အပေါ်တွင် ပြည်သူ့ကောင်စီ၏ သဘောထားကို ရယူပြီးနောက် မူလအဆို၊ သို့မဟုတ် ပြင်ဆင်ထားသည့် အဆိုနှင့် စပ်လျဉ်း၍ ပြည်သူ့ ကောင်စီ၏ ဆုံးဖြတ်ချက်ကို ရယူရမည်။

## အခန်း ၆

## ပြည်သူ့ ကောင်စီအစည်းအဝေးများ

၄၂။ ။ပြည်သူ့ကောင်စီ ပထမအကြိမ် အစည်းအဝေး၏ ပထမနေ့တွင် ပုဒ်မ ၇ ၌ ဖော်ပြထားသည့် အခမ်းအနားမှူးက အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာရမည်။

၄၃။ ။(က) ပြည်နယ်၊ တိုင်းနှင့် မြို့နယ် ပြည်သူ့ကောင်စီများ၏ ပုံမှန်အစည်းအဝေးများကို မှုံးပိတ်ရက်များမှအပ လိုအပ်သလို ကျင်းပရမည်။
(ခ) ရပ်ကွက်နှင့် ကျေးရွာအုပ်စု ပြည်သူ့ကောင်စီများ၏ ပုံမှန်အစည်းအဝေးကို သက်ဆိုင်ရာ ပြည်သူ့ကောင်စီ၏ အလုပ်အမှုဆောင် အဖွဲ့က ညှိနှိုင်း သတ်မှတ်ပေးသည့်အတိုင်း ကျင်းပရမည်။
(ဂ) အထူး ကိစ္စရပ်များအတွက် ပြည်သူ့ကောင်စီ အစည်းအဝေးကို အချိန်၊ သို့မဟုတ် ရက် ကန့်သတ်ချက်မရှိ ကျင်းပနိုင်သည်။

၄၄။ ။(က) ပြည်သူ့ ကောင်စီဝင်များသည် အလုပ်အကိုင် သဘာပတိ၏ ခွင့်ပြုချက်ကို တောင်းခံ ရရှိပြီးမှသာလျှင် အစည်းအဝေး၌ တင်ပြဆွေးနွေးခွင့်ရှိသည်။
(ခ) ခွင့်ပြုချက် ရရှိသော ပြည်သူ့ကောင်စီဝင် တဦးသည် တကြိမ်လျှင် အများဆုံး မိနစ် (၂၀) အထိသာ တင်ပြဆွေးနွေးရမည်။
(ဂ) ပြည်သူ့ ကောင်စီဝင် တဦးသည် မိမိတင်ပြ ဆွေးနွေးခဲ့ခြင်းနှင့် ပတ်သက်၍ ဒုတိယအကြိမ် ဖြည့်စွက်ရှင်းလင်း တင်ပြလိုလျှင် အလုပ်အကိုင် သဘာပတိ၏ ခွင့်ပြုချက်ရပါက အချိန် (၅)မိနစ်အထိ ထပ်မံတင်ပြဆွေးနွေးနိုင်သည်။

(ဃ) ပြည်သူ့ ကောင်စီဝင် တဦးသည် အဆိုတရပ်ကို စတင် တင်သွင်းခဲ့သူ ဖြစ်လျှင် အခြား ပြည်သူ့ကောင်စီဝင်များ၏ ဆွေးနွေး တင်ပြချက်များ၊ မေးမြန်းချက်များ ပြီးဆုံး၍ ပြည်သူ့ ကောင်စီ၏ အဆုံးအဖြတ်ကို မရယူမီ မိမိတင်သွင်းခဲ့သော အဆိုနှင့် ပတ်သက်၍ အလုပ်အမှုဆောင် ဘာပတိ၏ ခွင့်ပြုချက်အရ အချိန် မိနစ် (၂၀)အထိ ပြန်လည်ရှင်းလင်း ဖြေကြားခွင့်ရှိသည်။

(င) ပြည်သူ့ ကောင်စီဝင်များ၏ တင်ပြဆွေးနွေးပိုင်ခွင့်ရှိသော အချိန်နှင့် ပတ်သက်၍ ပုဒ်မခွဲ (ခ)၊ (ဂ)နှင့် (ဃ)တွင် သတ်မှတ်ထားသော်လည်း အလုပ်အမှုဆောင် ဘာပတိသည် ပြည်သူ့ ကောင်စီဝင် တဦးဦး၏ တောင်းခံချက်အရ ပြည်သူ့ ကောင်စီ၏ လုပ်ငန်း၊ သို့မဟုတ် ဆွေးနွေးဆဲ ကိစ္စကို အထောက်အကူ ဖြစ်စေမည်ဟု ယုံကြည်ပါက ပြည်သူ့ကောင်စီဝင် တဦးအား အချိန်သတ်မှတ်၍ ဆက်လက်တင်ပြ ဆွေးနွေးခွင့် ပြုနိုင်သည်။

၄၅။ ။ပြည်သူ့ ကောင်စီဝင်များသည် ပြည်သူ့ကောင်စီ အစည်းအဝေးများတွင် တင်ပြ ဆွေးနွေးရာ၌ဖြစ်စေ၊ အဆို တင်သွင်းရာ၌ဖြစ်စေ၊ မေးခွန်း မေးမြန်းရာ၌ဖြစ်စေ——

(က) နိုင်ငံတော်၏ ကျေးဇူးသစ္စာကို ဖောက်ဖျက်သော၊ နိုင်ငံတော်၏ လွတ်လပ်ရေးနှင့် အချုပ်အချာအာဏာကို ထိခိုက်သော၊ နိုင်ငံတော်က လက်ခံကျင့်သုံးသည့် ဆိုရှယ်လစ် စနစ်ကို ပျက်ပြားစေသော စကားများ မပြောဆိုရ ။

(ခ) တိုင်းရင်းသားများ၏ စည်းလုံး ညီညွတ်ရေး၊ အချင်းချင်း ယိုင်းပင်းကူညီရေး၊ ချစ်ကြည်လေးစားရေးတို့ကို ထိခိုက် ပျက်ပြားစေမည့် စကားများကို မပြောဆိုရ။

(ဂ) မည်သည့် ဘာသာ သာသနာကိုမျှ ပုတ်ခတ် ပြောဆိုခြင်း မပြုရ၊ ဘာသာသနာရေးနှင့် နိုင်ငံရေးတို့ကို ရောယှက်၍ ပြောဆိုခြင်း မပြုရ။

၄၆။ ။(က) ပြည်သူ့ကောင်စီဝင် တဦးသည် ပုဒ်မ ၄၉ တွင် ဖော်ပြထားသည့် တားမြစ်ချက် တရပ်ရပ်ကို ချိုးဖောက် ဆန့်ကျင်ကြောင်း အလုပ်အမှုဆောင် ဘာပတိက တွေ့ရှိပါက သက်ဆိုင်ရာ တားမြစ်ချက် တရပ်ရပ်ကို ချိုးဖောက် ဆန့်ကျင်၍ မပြောကြားပါရန် သတိပေး နှိုးဆော်ရမည့် အပြင် တားမြစ်ချက် တရပ်ရပ်အား ချိုးဖောက် ဆန့်ကျင်ခဲ့သော စကားရပ်များကို ရုပ်သိမ်းရန် ညွှန်ကြားရမည်။

(ခ) အလုပ်အမှုဆောင် ဘာပတိ၏ သတိပေး နှိုးဆော်ချက်ကိုပြည်သူ့ ကောင်စီဝင်က မလိုက်နာပဲ ဆက်လက်ချိုးဖောက် နေပါက ယင်းပြည်သူ့ ကောင်စီဝင်အား ဆွေးနွေး ပြော ဆိုနေခြင်းကို ရပ်စဲ၍မိမိနေရာသို့ ပြန်ထိုင်စေရန် ညွှန်ကြားရမည်။

(ဂ) ညွှန်ကြားချက်ကို မလိုက်နာပါက မည်ကဲ့သို့ အရေးယူရမည်ကို အလုပ်အမှုဆောင် ဘာပတိက ဘာပတိအဖွဲ့နှင့် ညှိနှိုင်း ဆောင်ရွက်ရမည်။

၄၇။ ။(က) ပြည်သူ့ကောင်စီ၏ ဆန္ဒနှင့် သဘောထားကို ပြည်သူ့ကောင်စီဝင်များ သဘောတူ မတူကို အသံဖြင့်ဖြစ်စေ၊ လက်ထောင် မဲပေးခြင်းဖြင့် ဖြစ်စေ၊ မတ်တတ်ရပ်ပြခြင်းဖြင့် ဖြစ်စေ၊ ဆန္ဒမဲ ပေးခြင်းဖြင့် ဖြစ်စေ ရယူနိုင်သည်။

(ခ) အဆိုတရပ်နှင့် ပတ်သက်၍ အဆုံးအဖြတ် ရယူရာတွင် သဘောတူသည့်မဲနှင့် သဘောမတူသည့်မဲ အရေအတွက်ချင်း တူညီနေပါက ယင်းအဆိုနှင့် ပတ်သက်၍ ပြည်သူ့ကောင်စီ၏ အဆုံးအဖြတ်ကို အလုပ်အမှုဆောင် သဘာပတိက သင့်လျော်သလို ဒုတိယအကြိမ် ထပ်မံရယူရမည်။

(ဂ) ဒုတိယအကြိမ် အဆုံးအဖြတ် ရယူရာတွင် ဆန္ဒမဲ အရေအတွက်ချင်း ထပ်မံ တူညီနေပါက ယင်းအဆိုနှင့် ပတ်သက်၍ ပြည်သူ့ကောင်စီ၏ အဆုံးအဖြတ်ကို တတိယအကြိမ် ရယူရမည်။

(ဃ) တတိယအကြိမ် ထပ်မံ ရယူသော်လည်း ဆန္ဒမဲ အရေအတွက်ချင်း ထပ်မံ တူညီနေပါက အလုပ်အမှုဆောင် သဘာပတိသည် မိမိကြိုက်နှစ်သက်ရာ ဘက်သို့ ဆန္ဒမဲပေး၍ ဆုံးဖြတ်ရမည်။

၄၈။ ။(က) ပြည်သူ့ကောင်စီဝင်များသည် ပြည်သူ့ကောင်စီ အစည်းအဝေး ဘိတ်စာနှင့်အတူ အစည်းအဝေး အစီအစဉ် ရရှိသောအခါ ဖြည့်စွက်လိုသော အကြောင်းကိစ္စများ ရှိပါက အကျိုးအကြောင်း ဖော်ပြချက်နှင့်အတူ အလုပ်အမှုဆောင် အဖွဲ့သို့ အနည်းဆုံး ၇ ရက်ကြိုတင် ပေးပို့ရမည်။

(ခ) ဒေသဆိုင်ရာ အာဏာပိုင် အဖွဲ့အစည်းများသည် ပြည်သူ့ကောင်စီသို့ တင်ပြလိုသော အကြောင်း ကိစ္စများကို အစည်းအဝေး အစီအစဉ်တွင် ထည့်သွင်းရန် သဘာပတိအဖွဲ့သို့ ပေးပို့ရမည်။

(ဂ) သဘာပတိအဖွဲ့သည် မူလက ရေးဆွဲထားသော ယာယီ အစီအစဉ်တွင် အထက် ပုဒ်မခွဲ (က)နှင့် (ခ)အရ၊ လက်ခံရရှိသော အကြောင်းကိစ္စများကို ဖြည့်စွက်၍ အစီအစဉ်သစ်တရပ်ကို ရေးဆွဲပြီး ပြည်သူ့ကောင်စီသို့ တင်ပြ အတည်ပြုချက် ရယူရမည်။

(ဃ) အစည်းအဝေး အစီအစဉ်ကို ပြည်သူ့ ကောင်စီမှ အတည်ပြုရန် အလုပ်အမှုဆောင် သဘာပတိက တင်ပြသည့်အခါ ပြည်သူ့ကောင်စီဝင်များက ဝေဖန် အကြံပေးနိုင်ခွင့်ရှိသည်။

(င) အစည်းအဝေး အစီအစဉ်ကို ပြင်ဆင်ရန်၊ သို့မဟုတ် ဖြည့်စွက်ရန် အဆိုပြုချက်များ ရှိပါက ယင်းအဆိုပြုချက်များနှင့် စပ်လျဉ်း၍ လိုအပ်လျှင် ပြည်သူ့ကောင်စီ၏ သဘောထားကို မဲခွဲဆုံးဖြတ် ရယူရမည်။ အကယ်၍ ပြင်ဆင်ရန်၊ သို့မဟုတ် ဖြည့်စွက်ရန် အဆိုများ မရှိပါက အလုပ်အမှုဆောင် သဘာပတိက ပြည်သူ့ကောင်စီ ရှေ့မှောက်သို့ တင်သွင်းထားသော အစည်းအဝေး အစီအစဉ်ကို ပြည်သူ့ကောင်စီ၏ အတည်ပြုချက် ရယူရမည်။

အာဏ
ဝင်များ
ထားရှ

(စ) နေ့စဉ် အစည်းအဝေး အစီအစဉ်များကိုလည်း ပြည်သူ့ကောင်စီ အတွင်းရေးမှူးက ပြုစု၍ ဖြန့်ဝေရမည်။ ယင်းအစီအစဉ်တွင် ပြည်သူ့ကောင်စီမှ လက်ခံသော အဆိုများနှင့် အကြောင်း ကိစ္စများကို ဖြည့်စွက်၍ ထည့်သွင်းဖော်ပြရမည်။

(ဆ) အစည်းအဝေး အစီအစဉ်တွင် ပါဝင်သော ဒေသဆိုင်ရာ အာဏာပိုင် အဖွဲ့အစည်းများက တင်သွင်းသော ကိစ္စများကို ပြည်သူ့ကောင်စီမှ ဦးစားပေး၍ ဆွေးနွေးဆုံးဖြတ်ရမည်။

၄၉။ ။(က) ရွေးချယ် တင်မြှောက်ခြင်းဆိုင်ရာ ဥပဒေအရ ရွေးချယ် တင်မြှောက်ခြင်းခံရသည့် ပြည်သူ့ ကောင်စီဝင် စုစုပေါင်း၏ ၇၅ ရာခိုင်နှုန်း တက်ရောက်ပါက ပြည်သူ့ ကောင်စီ အစည်းအဝေး အထမြောက် သည်။

(ခ) ပြည်သူ့ကောင်စီ အစည်းအဝေး တရပ်၏ ပထမနေ့တွင် တက်ရောက်လာသော ပြည်သူ့ ကောင်စီဝင်များသည် ပြည်သူ့ ကောင်စီဝင်များ၏ မှတ်ပုံတင်စာချင်းတွင် လက်မှတ် ရေးထိုးကြရမည်။

(ဂ) ပြည်သူ့ ကောင်စီဝင်များ စိစစ်ရေး ကော်မီတီက တင်ပြချက်အရ အစည်းအဝေး အထမြောက်ကြောင်းကို အလှည့်ကျ သဘာပတိက ကြေညာရမည်။

(ဃ) အကယ်၍ အစည်းအဝေး အထမြောက်ရန် လိုအပ်သည့် ပြည်သူ့ ကောင်စီဝင်ဦးရေ တက်ရောက်ခြင်း မရှိပါက ပြည်သူ့ကောင်အစည်းအဝေးကို ရွှေ့ဆိုင်းကြောင်း ကြေညာရမည်။

၅၀။ ။(က) ဒေသဆိုင်ရာ အာဏာပိုင် အဖွဲ့အစည်းများကိုယ်စား ပါဝင်သော ပြည်သူ့ကောင်စီဝင်များအား ပြည်သူ့ကောင်စီ အစည်းအဝေး ခန်းမတွင် သီးသန့်နေရာစီစဉ်ပေးရမည်။

(ခ) ပုဒ်မခွဲ (က) တွင် ဖော်ပြထားသည့် အဖွဲ့အစည်းများ၏ အဖွဲ့ဝင် မဟုတ်သော ပြည်သူ့ကောင်စီများအား ပြည်သူ့ကောင်စီ အစည်းအဝေးကာလအတွက် မိမိတို့၏ အမည်အက္ခရာစဉ်အလိုက် လက်ဝဲမှ လက်ယာသို့ အတန်းလိုက်နေရာချထား စီစဉ်ပေးရမည်။ ရှေ့ဆုံးတန်း လက်ဝဲဒေါင့် ပထမထိုင်ခုံနေရာအတွက် အမည်အက္ခရာကို မဲနှိုက်၍ အလှည့်ကျသတ်မှတ်ပေးရမည်။

၅၁။ ။ပြည်သူ့ကောင်စီ အစည်းအဝေးများတွင် သော်လည်းကောင်း၊ ဒေသဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းများ၏ အစည်းအဝေးများတွင်သော်လည်းကောင်း ပြည်သူ့ကောင်စီဝင်များ၏ တင်ပြဆွေးနွေးချက်များကို သက်ဆိုင်ရာ ပြည်သူ့ကောင်စီရုံးမှ မှတ်တမ်းတင်ရမည်။

## အခန်း ၇

### အထွေထွေ

၅၂။ ။ပြည်သူ့ကောင်စီ အစည်းအဝေး စတင်ကျင်းပသည့်နေ့တွင် ကတိသစ္စာမပြု ရသေးသည့်အပြင် မှတ်ပုံတင်စာရင်း၌လည်း လက်မှတ်ရေးထိုးခြင်းမ ရသေးသော ပြည်သူ့ကောင်စီဝင်များသည် သဘာပတိအဖွဲ့က သီးခြားသတ်မှတ်ပေးသည့်နေ့နှင့် အချိန်တွင်အလှည့်ကျသဘာပတိရှေ့၌ သတ်မှတ်ထားသည့်အတိုင်း ကတိသစ္စာပြုရမည့်အပြင် မှတ်ပုံတင်စာရင်းတွင်လည်း လက်မှတ်ရေးထိုးရမည်။

၅၃။ ။ပြည်သူ့ကောင်စီဝင် တဦးသည် ကျန်းမာရေး အခြေအနေကြောင့် သော်လည်းကောင်း၊ အခြားမလွဲမရှောင်နိုင်သည့် အကြောင်းကိစ္စတရပ်ရပ်ကြောင့်သော်လည်းကောင်း၊ ပြည်သူ့ကောင်စီ အစည်းအဝေးများသို့ မတက်ရောက်နိုင်ပါက ပြည်သူ့ကောင်စီ အစည်းအဝေးတက်ရောက်ခြင်းမှ ပျက်ကွက်ခြင်းအတွက် ခွင့် ပါရန် သဘာပတိအဖွဲ့ထံခွင့်ပန်ရမည်။

(ပုံ) နေဝင်း၊
ဥက္ကဋ္ဌ၊
ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ။

ရန်ကုန်မြို့၊ ၁၃၃၅ ခုနှစ်၊ တပို့တွဲလဆန်း ၆ ရက်။
(၁၉၇၄ ခုနှစ်၊ ဇန်နဝါရီလ ၂၈ ရက်။)

အမိန့်အရ၊

(ပုံ) ဒုတိယဗိုလ်မှူးကြီး မြကျော်၊
အတွင်းရေးမှူး၊
ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ။